dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"How to teach better Tuition?"***

ဖြစ်ပါတယ်။(မတ် ၂၅ ၊၂၀၁၆ ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ဝ၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "အနာဂတ်ပညာရေး ဘယ်လိုသင်ရိုးညွှန်းနဲ့ မောင်းနှင်မလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

လာမည့်၂၀၁၆-၁၇ ပညာသင်နှစ်မှစ၍ သူငယ်တန်း အပေါင်း ၁၂ တန်း (KG+12) ပညာရေး စနစ်ကို ပြောင်းလဲသင်ကြားမည်ဖြစ်ပြီး သူငယ်တန်း (KG)အား သင်ရိုးညွှန်းတမ်းအသစ်ဖြင့် စတင်ပြောင်းလဲ သင်ကြားတော့မည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာ၌ ဆရာနှင့် ကျောင်း သား အချိုးမညီမျှခြင်း၊ ဆရာ အင်အားနည်းပါးခြင်း၊ ဆရာများ၏ သင်ကြားမှုအရည်အသွေးနှင့် စာသင်ခန်းမလုံလောက်ခြင်းတို့က အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်မည် ဟုဆိုကြသည်။

"တောကျောင်းတွေမှာဆရာအင်အားအလုံအလောက်မရှိဘူး။တချို့နေရာကကျောင်းတွေဆိုတစ်ကျောင်းလုံးမှာ ဆရာနှစ်ယောက်ပဲရှိတဲ့ ကျောင်းတွေတောင်ရှိတယ်"ဟု ပဲခူးတိုင်း ဒေ သကြီးအတွင်းရှိ လုပ်သက်ငါးနှစ်ရှိမူလတန်းပြဆရာတစ်ဦးကပြောသည်။ ထို့အတူအတန်းတစ်တန်းမှာ၅၀၆၀လောက်ရှိနေတာဆိုတော့ သင်ရတဲ့ ဆရာမတွေ စိတ်ညစ်ရတယ်။ ကလေးတွေကို မထိန်းနိုင်တော့ဘူးဟုလည်း ဆင်ခြေဖုံးမြို့နယ်တစ်ခုရှိ အခြေခံပညာကျောင်း မှ အသက် ၅၀ ဝန်းကျင် ကျောင်းဆရာမတစ်ဦး၏ ညည်းတွားသံကိုလည်း ကြားရသည်။ တခြားတစ်ဖက်တွင်လည်း ဆရာ၊ဆရာမများ ရှားပါးလာမှုနှင့် လက်ရှိ ဆရာ/မ များ၏ အရည် အသွေးမြှင့်တင်ရန် လိုအပ်နေသည်ဟု ဆိုကြသူများ ရှိသကဲ့သို့ လက်ရှိ ဆရာ/မ များအနေ ဖြင့်လည်း တစ်ဦးစီတွင် လုပ်ငန်းတစ်ခုထက်ပို၍ လုပ်ဆောင်နေရမှုများရှိခြင်းကြောင့် လစ်ဟာမှုများဖြစ်ပေါ်ကြောင်း ပညာရေးကဏ္ဍတွင် ဆောင်ရွက်နေသူတို့က ထောက်ပြကြသည်။

ယခုအခါ အခြေခံပညာမူလတန်းကျောင်းများတွင် ဖွဲ့စည်းပုံပြောင်းလဲမည်ဖြစ်၍ မူလတန်းပြ ဆရာတစ်သိန်းနှစ်သောင်းကျော် ထပ်မံတိုးချဲ့ခန့်မည်ဟု သိရပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေး (၄/၂၀၁၆) ၏ သဘောတူညီချက်အရ ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာန လက်အောက်ရှိ မူလတန်းကျောင်းတစ်ကျောင်းလျှင် မူလတန်းကျောင်းအုပ်တစ်ဦး၊ မူလတန်းပြ ဆရာခြောက်ဦးနှင့် အထွေထွေလုပ်သား တစ်ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းရန် ပညာ ရေးဝန်ကြီး ဌာနက ဖေဖော်ဝါရီ ၉ ရက် စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာခဲ့သည်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ အခြေခံပညာကျောင်းများတွင် ၂၀၁၄-၁၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၈ ဒသမ ၇ သန်းကျော်အား ဆရာ၊ ဆရာမ စုစုပေါင်း သုံးသိန်းလေးသောင်းကျော်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း အဆိုပါဌာန၏ စာရင်းများအရ သိရသည်။ လက်ရှိကျင့်သုံးနေသည့် နှုတ်တိုက်၊ အာဂုံဆောင်၊ ၏၊သည် မရွေး ကျက်မှတ်ဖြေဆိုရသော စနစ်မှာ နိုင်ငံတကာပညာရေးနယ်ပယ်တွင် နောက်ကျကျန်ရစ်စေခဲ့ပြီး ယနေ့ပြောင်းလဲမှု မြန်ဆန်၍ စိန်ခေါ်မှုများ မြင့်များလာသော ခေတ်စနစ်အသစ်များကြား လက်တွေ့နှင့်ကင်းကွာပြီး ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်လာ နေစေကြောင်း တွေ့ရမည်ဖြစ်သည်။ ထို့တူပင် စနစ်သစ်ပညာရေးဟုဆို၍ ပြောင်းလဲကျင့်သုံးသည့် စနစ်များလည်း မကြာခဏ လုပ်ဆောင်လေ့ရှိခြင်းကြောင့် စမ်းသပ်ခံများသဖွယ်ဖြစ်နေရာ ထပ်မံမဖြစ်စေလိုတော့ကြောင်း အချို့ကလည်း ဝေဖန် ထောက်ပြကြသည်။

မြန်မာနိုင်ငံရှိ ကလေးငယ်များအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး အခမဲ့မသင်မနေရ မူလတန်းပညာရေး စနစ်ကို ကျင့်သုံးခဲ့ပြီး ယင်းနောက်တွင် အလယ်တန်းအဆင့်အထိပါ သတ်မှတ်ခဲ့သည်။ ၂၀၁၀ပြည့်နှစ်တွင် တက်ရောက်ခဲ့သည့် အစိုးရသစ်လက်ထက်အတွင်း ပုဂ္ဂလိက ကျောင်းများတည်ထောင်ခွင့်ရရှိခဲ့ပြီး ပညာရေးကဏ္ဍအတွက် အသုံးစရိတ် နှစ်ဆတိုးလာသော်လည်း ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၁ ဒသမ ၇ ရာခိုင်နှုန်းသာရှိပြီး ယခုထက်ပိုရင်းနှီးမြှုပ်နှံရန်လိုသည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်မှ စီးပွားရေးပညာရှင်များကအကြံပြုပြောကြားသည်။ ဖွံ့ဖြိုးရေးတစ်ဆင့်တက်လှမ်းရန်ဆောင်ရွက်နေသည့် ယနေ့အချိန်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ များစွာဝင်ရောက်လာလျက်ရှိသကဲ့သို့ နိုင်ငံတကာပညာရေး ဈေးကွက်ပါ အလုံးအရင်းနှင့်ဝင်ရောက်လာလျက်ရှိသည့် မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အများနည်းတူ ပညာရေးတစ်ရပ် ပေါ်ထွက်ရန်လိုအပ်နေပေသည်။

ယခုတစ်ပတ် ဒီဘိတ္တိ ဒီဘိတ်မှ မြန်မာ့ပညာရေးစနစ် ကျွမ်းကျင်သူများနှင့် အနာဂတ်မြန်မာနိုင်ငံကို မောင်းနှင်နိုင်မည့် မြန်မာ့ပညာရေးသင်ရိုးအကြောင်းကို အမြင်မတူညီသည့် ရှုထောင့်များမှ ဆွေးနွေးတင်ဆက်ကြမည်ဖြစ်ပါသည်။

**သူတို့အမြင်**

"အလွတ်ကျက်မှတ်ဖို့ကို အဓိကထားသင်ကြားနေတာကနေ အခုဆောင်ရွက်မယ့် သူငယ်တန်းမှာ ကလေးတစ်ဦးချင်းစီရဲ့ ဘက်စုံဖွံ့ဖြိုးမှုကို ရရှိစေမယ့် ရှေး ဦးကလေးသူငယ်ဖွံ့ဖြိုးမှု၊ နိုင်ငံ တကာစံနှုန်းနဲ့အညီ ကလေးတွေရဲ့ စဉ်းစားမှု၊ တွေးခေါ်မှုကို ရှင်သန်အောင် အစပျိုးပြုစုပေး မှာပါ"
**ဒေါက်တာဦးသန်းဦး** - နိုင်ငံတော်သမ္မတ၏ ပညာရေး အကြံပေးပညာရှင်။

"တိုးချဲ့ခန့်မယ့် မူလတန်းပြဆရာ တစ်သိန်းကျော်ကို ဘယ်လိုပုံစံမျိုးနဲ့ ခန့်မှာလဲ။ ပညာရေး ကောလိပ်တွေကလည်း မူလတန်းပြဆရာကို ဘယ်လောက်အထိ မွေးထုတ်ပေးနိုင်မလဲဆိုတာ အသေးစိတ်မသိရသေးဘူး" **အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦး**

"နောက်နှစ်မှာ တက္ကသိုလ်တွေကလည်း ဝင်ခွင့်စာမေးပွဲနဲ့ ဝင်ခွင့်ဖြေရမယ်ဆိုတော့ အခြေခံ ပညာက ကလေးတွေကို တက္ကသိုလ်ဝင်တန်းဖြေတဲ့အခါမှာ မေးခွန်းတွေကို ပြောင်းသွားမယ်။ အရင်လို အလွတ်ကျက် ဖြေရတဲ့ မေးခွန်းမျိုး မဟုတ်တော့ဘဲနဲ့ ဉာဏ်စမ်းတွေပေးပြီး စဉ်းစား တွေးခေါ်ရတဲ့ မေးခွန်းမျိုးကို ပြောင်းမေးမယ်"
"သင်ပြနည်းတွေကတော့ အတူတူပဲ။ ဒါသင်၊ ဒါမေး၊ ဒါကျက်ဆိုတာထက် ဒါသင်၊ ဒါကျက်ကို ကျော်ပြီး စဉ်းစားတွေးခေါ်နိုင်ဖို့ ကြိုးစားတာပါ" **ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိ တစ်ဦး**

"အဆင့်မြင့် ပညာကဏ္ဍအတွက်ကိုလည်း အရည်အသွေးတွေ မြှင့်တင်သွားမှာပါ။ သင်ကြား သင်ယူမှုအတွက် သင်ရိုးညွှန်းတမ်း အရည်အသွေးတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေး တွေကို မြှင့်တင်ဖို့ကိုလည်း ဆောင် ရွက်သွားမှာပါ။ ဒေသတွင်း အရည်အသွေးမှုဘောင်နဲ့ အာဆီယံ အဆင့်မြင့် ပညာရေးအတွက် အရည်အသွေး အာမခံမှု မူဘောင်တွေကိုလည်း ဆောင်ရွက် သွားဖို့ အစီအစဉ်တွေ ရှိပါတယ်"
**ပညာရေး ဂန်ကြီးဌာန၊ အဆင့်မြင့် ပညာဦးစီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦး**

*Information links:*

www.burma.irrawaddy.org

www.7daydaily.com